မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

ဇူလိုင် ၂၀၂၀



# တရင်းမပါသည့် လက်ဗလာများ

## COVID-19 ကူးစက်ရောဂါကာလအတွင်း မြန်မာနိုင်ငံတောင်ပိုင်းရှိ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများ၏ စားဝတ်နေရေး ရုန်းကန်မှု

# စာရင်းမပါသည့် လက်ဗလာများ

## COVID-19 ကူးစက်ရောဂါကာလအတွင်း မြန်မာနိုင်ငံတောင်ပိုင်းရှိ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများ၏ စားဝတ်နေရေးရုန်းကန်မှု

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
**ဇူလိုင် ၂၀၂၀**

# စာရင်းမပါသည့် လက်ဗလာများ

COVID-19 ကူးစက်ရောဂါကာလအတွင်း မြန်မာနိုင်ငံတောင်ပိုင်းရှိ
နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများ၏
စားဝတ်နေရေးရုန်းကန်မှု

မူပိုင် – မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
ထုတ်ဝေသည့်ရက်စွဲ – ဇူလိုင်လ၊ ၂၀၂၀
ထုတ်ဝေသူ – မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
အင်တာနက်စာမျက်နှာ - http://www.rehmonnya.org
ဤအစီရင်ခံစာတွင် ပါရှိသည့် ဓာတ်ပုံများနှင့် သတင်းအချက်အလက်များအားလုံးသည်
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ မူပိုင်ဖြစ်သည်။

# မာတိကာ


5 ›› ကွင်းဆင်းသုတေသနဒေသ၏ မြေပုံအညွှန်း

6 ›› အခန်း (၁) နိဒါန်း

10 ›› အခန်း (၂) အစီရင်ခံစာပြုစုပုံ

10 ›› ကွင်းဆင်းသုတေသန ပြုလုပ်ပုံ

13 ›› ခွဲခြားသုံးသပ်ခြင်း

13 ›› ကန့်သတ်ချက်၊ စိန်ခေါ်ချက်များ

13 ›› က) သွားလာလှုပ်ရှားမှုဆိုင်ရာ ကန့်သတ်ချက်နှင့် စိန်ခေါ်မှုများ

14 ›› ခ) ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ကန့်သတ်ချက်နှင့် စိန်ခေါ်မှုများ

15 ›› ဂ) မျှော်လင့်ချက်ဆိုင်ရာ ကန့်သတ်ချက်နှင့် စိန်ခေါ်မှုများ

16 ›› အခန်း (၃) နောက်ခံသမိုင်း

20 ›› အခန်း (၄) ကြုံတွေ့နေရသည့်အခက်အခဲများ


20 ›› သက်မွေးဝမ်းကျောင်းဆိုင်ရာအခက်အခဲ

23 ›› နေရပ်ပြန်များနှင့် အသွားအလာကန့်သတ်ခြင်းဆိုင်ရာ အခက်အခဲ

27 ›› အခန်း (၅) အကြံပြုတိုက်တွန်းချက်များ

# ACRONYMS & ABBREVIATIONS

- ပြင်းထန်အဆုပ်ရောင်ရောဂါ ဖြစ်စေတဲ့ ကိုရိုနာဗိုင်းရပ်စ် – ၂ (SARS–CoV–2)
- လူမှုအကျိုးပြုအရပ်ဖက်အဖွဲ့အစည်းများ (CSO)
- လူထုအခြေပြုအဖွဲ့အစည်းများ (CBO)
- ကိုရိုနာဗိုင်းရပ်စ် ပြင်းထန်အဆုတ်ရောင် ကူးစက်ရောဂါ (COVID–19)
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)
- အုပ်စုအလိုက်ဆွေးနွေးမှုများ (FGDs)
- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD)
- နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများ (IDPs)
- ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)
- ကရင်အမျိုးသားအစည်းအရုံး (KNU)
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (MoHS)
- မွန်ပြည်သစ်ပါတီ (NMSP)
- အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO)
- တကိုယ်ရေကာကွယ်ရေး ပစ္စည်းကိရိယာများ (PPE)
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)


ကွင်းဆင်းသုတေသနဆောင်ရွက်ခဲ့သော
နေရာဒေသများ
Paung
Mawlamyine
Mawlamyine Airport
Chaungzon
Chaungzon
Kyaikmaraw
Kyaikmaraw
Mudon
Mudon
Kyaikkhami
Kyainseikgyi
Thanbyuzayat
Andaman Sea
Lamaing
Ye
Ye
Khawzar
Bhutan
India
China
Bangladesh
Vietnam
Laos
Thailand
Cambodia
Kilometers
0 5 10 20 30



# အခန်း (၁) နိဒါန်း

COVID-19 ကူးစက်ရောဂါကို တရုတ်နိုင်ငံ၊ ဝူဟန်မြို့၌ ၂၀၁၉ ဒီဇင်ဘာလတွင် စတင်တွေ့ရှိခဲ့သည်။[1] အဆိုပါကူးစက်ရောဂါသည် တစ်ကမ္ဘာလုံးသို့ လျင်မြန်စွာပျံ့နှံ့ခဲ့ပြီး ၂၀၂၀ မတ်လ (၁၁) ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) က ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် ကြေညာခဲ့သည်။

မြန်မာနိုင်ငံတွင် COVID-19 ကူးစက်ရောဂါလူနာကို ၂၀၂၀ မတ်လ (၂၃) ရက်နေ့တွင် ပထမဦးဆုံး တွေ့ရှိခဲ့ပြီး ကူးစက်မှုစတင်သည့်နောက်ပိုင်းတွင် နိုင်ငံတော်နှင့် တိုင်းနှင့်ပြည်နယ်အစိုးရများက ကူးစက်ရောဂါကို ကျော်လွှားနိုင်ရန်အတွက် သတိထားလုပ်ဆောင်လာခဲ့သည်။ ဇူလိုင်လ (၃) ရက်နေ့

1 "Naming the Coronavirus Disease (COVID-19) and the Virus that Causes It," World Health Organization, accessed 30 June 2020.

အထိ ကူးစက်သူစုစုပေါင်း (၁၀၄) ဦး၊ သေဆုံးသူ (၆) ဦးနှင့် ပြန်လည်ကောင်းမွန်လာသူ (၂၂၃) ဦး ရှိခဲ့သည်။[2]

အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ကူးစက်မှုကို ထိန်းချုပ်ရန်အတွက် လုပ်ငန်းခွင်များ ရပ်နားခြင်းနှင့် အသွားအလာကန့်သတ်ခြင်းများ လုပ်ဆောင်ခဲ့ရသဖြင့် စီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ ကြီးမားခဲ့သည်။ ရောဂါထိန်းချုပ်မှု မပြုလုပ်နိုင်မချင်း ပြည်တွင်းပြည်ပ စီးပွားရေးထိခိုက်မှုသည် ဆက်လက်မြင့်မားနေမည် ဖြစ်သည်။

စီးပွားရေးထိခိုက်မှုကို ကုစားနိုင်ရန်အတွက် ၂၀၂၀ ဧပြီလ (၂၈) ရက်နေ့တွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက COVID-19 စီးပွားရေး ထိခိုက်မှု သက်သာရေးစီမံချက်ကို ချမှတ်ခဲ့သည်။ ပန်းတိုင် (၇) ရပ်၊ နည်းဗျူဟာ (၁၀) ချက်၊ လုပ်ငန်းစဉ် (၃၆) ချက်နှင့် လုပ်ဆောင်ချက် (၇၆) ချက်ပါဝင်သော အဆိုပါစီမံချက်တွင် သာမန်လက်လုပ်လက်စား အိမ်ထောင်စုများကို အစားအသောက်နှင့် ငွေကြေးထောက်ပံ့သည့် အစီအစဉ် အပြင် ရွှေ့ပြောင်းအခြေချသူများနှင့်သက်ဆိုင်သော စီမံချက်များလည်း ပါဝင်သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "မည်သူ့ကိုမျှ ချန်မထားခဲ့သည့် စီမံချက်" ဟုဆိုကာ အဆိုပါစီမံချက်ကို ချီးကျူးခဲ့သည်။[3]




2 Coronavirus Disease 2019 (COVID-19) Surveillance Dashboard (Myanmar), Health Unit, Department of Public Health, Ministry of Health and Sports, Myanmar, accessed 3 July 2020.

3 "Myanmar Launches Sweeping COVID-19 Economic Relief Plan" The Irrawaddy, 29 April 2020

သို့သော် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကောက်ခံရရှိခဲ့သော အချက်အလက်များအရ စီမံချက်ပါ အခွင့်အရေးများကို ပေးအပ်ဖော်ဆောင်ရာတွင် သာမန်လက်လုပ်လက်စားလူတန်းစားများကို ချန်ထားရစ်ခဲ့ကြောင်း တွေ့ရှိရသည်။ မွန်နှင့်ကရင်ပြည်နယ်များရှိ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများနေထိုင်သည့် ကျေးရွာများနှင့် မွန်ပြည်သစ်ပါတီထိန်းချုပ်ဒေသရှိ ကျေးရွာများတွင် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများအရ COVID-19 ကူးစက်ရောဂါရိုက်ခတ်မှုကြောင့် သာမန်ပြည်သူတို့၏ နေ့စဉ်လူမှုဘဝတွင် ထိခိုက်နစ်နာမှုများစွာ ဖြစ်ပေါ်ခဲ့သည်။

သက်မွေးဝမ်းကျောင်းအလုပ်ကို မလုပ်ကိုင်နိုင်ခြင်းနှင့် အရေးပေါ်အကူအညီများ မရရှိခြင်းတို့ကြောင့် သာမန်လက်လုပ်လက်စားပြည်သူများအနေဖြင့် "ကုန်းကောက်စရာမရှိသည့် လက်ဗလာအနေအထား" သို့ ရောက်လုနီးပါး ဖြစ်ခဲ့ရသည်။ ရောဂါကူးစက်မှုကို တားဆီးရန်အတွက် ဒေသန္တရအာဏာပိုင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အသွားအလာကန့်သတ်ချက်များ ချမှတ်ခဲ့ပြန်ရာ အဆိုပါတားမြစ်ချက်က ပြည်သူတို့၏ စားဝတ်နေရေးအခက်အခဲကို ပိုမိုကြပ်တည်းသွားစေခဲ့သည်။ ၎င်းပြင် ပြည်ပမှပြန်လာသူများအတွက် အသွားအလာကန့်သတ်သည့်စခန်းများကို ဒေသခံပြည်သူများကသာ အဓိကစီစဉ်ပေးခဲ့ရသည့်အတွက် ဘူးလေးရာဖရုံဆင့် ဖြစ်ခဲ့ရသည်။


အောက်ခြေပြည်သူများအတွက် နိုင်ငံတော်အစိုးရက အစားအသောက်များ ဝေငှပေးခဲ့သော်လည်း ဝေးလံခေါင်သီသောကျေးရွာများသို့ PPE ဝတ်စုံကဲ့သို့သော ကာကွယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးနိုင်ခြင်း မရှိချေ။ ပြည်သူများအနေဖြင့် အစားအစာပြတ်လပ်ခြင်းနှင့် အခြေခံလိုအပ်ချက်များ မဖူလုံ





ခြင်းတို့ကို ရင်ဆိုင်နေရပြီး အရေးပေါ်ကယ်ဆယ်ရေးရန်ပုံငွေအတွက် ဒေသခံလူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကိုသာ အကူအညီတောင်းခံနေခဲ့ရသည်။

ကွင်းဆင်းသုတေသနပြုလုပ်ခဲ့သည့်ဒေသရှိ ပြည်သူများအနေဖြင့် အစိုးရ၏ အစားအသောက် ထောက်ပံ့ရေးအစီအစဉ်တွင် ချန်လှပ်ခံခဲ့ရသည့်အပြင် သက်မွေးမှုလုပ်ငန်းများ မလုပ်ကိုင်နိုင်ခြင်းနှင့် အသွားအလာကန့်သတ်ခြင်းတို့ကြောင့် "လက်ဗလာ" ဖြစ်လုနီးပါးအခြေအနေသို့ ရောက်ရှိခဲ့သည်။





## အခန်း (၂) အစီရင်ခံစာပြုစုပုံ

၁၉၉၅ ခုနှစ်ကတည်းကပင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မြန်မာနိုင်ငံရှိ မွန်လူမျိုးတို့၏ ဆန္ဒအသံကို မှတ်တမ်းတင်ကောက်ခံခဲ့ပြီး (၂၅) နှစ်ကြာသော သတင်းအချက်အလက်ကောက်ခံ စုဆောင်းခြင်းအတွေ့အကြုံကို ဤအစီရင်ခံစာတွင် အသုံးချထားသည်။ မြန်မာပြည်တောင်ပိုင်းရှိ မွန်နှင့်ကရင်ပြည်နယ်များနှင့် တနင်္သာရီတိုင်းအတွင်းရှိ တပ်မတော်နှင့် အခြားသောလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကျယ်ပြန့်များပြားပြီး စနစ်တကျကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခဲ့သည်။

## ကွင်းဆင်းသုတေသန ပြုလုပ်ပုံ

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် ၂၀၂၀ ဧပြီလနှင့် မေလများတွင် ကွင်းဆင်းသုတေသနများပြုလုပ်ခဲ့ပြီး မွန်ပြည်နယ် မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်နှင့် ရေးမြို့နယ်များ၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၊ တနင်္သာရီတိုင်း ရေဖြူမြို့နယ်နှင့် မွန်ပြည်သစ်ပါတီ ထိန်းချုပ်ရာ

ဒေသရှိ ရွှေ့ပြောင်းအခြေချကျေးရွာများတွင် သတင်းအချက်အလက်များ ကောက်ခံရန်နှင့် ပြည်သူများနှင့် တွေ့ဆုံမေးမြန်းရန် သုတေသနဝန်ထမ်း (၅) ဦးကို တာဝန်ပေးခန့်အပ်ခဲ့သည်။

အဆိုပါသုတေသနဝန်ထမ်းများက နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများ၊ ဒေသခံပြည်သူများ၊ မွန်ညီညွတ်ရေး ပါတီအဖွဲ့ဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ တက်ကြွလှုပ်ရှားသူများနှင့် လူမှုအသင်းဝင်များ၊ ကူညီထောက်ပံ့ရေးအဖွဲ့ဝင်များ၊ လူထုဝန်ဆောင်မှု ပံ့ပိုးသူများနှင့် အသွားအလာကန့်သတ်စခန်းများမှ စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံပြီး တွေ့ဆုံမေးမြန်းမှု (၃၆) ခုကို ပြုလုပ်ခဲ့သည်။ ၎င်းပြင် လူဦးရေ (၁၄) ဦးနှင့် (၁၅) ဦး အသီးသီးပါဝင်ခဲ့သည့် အုပ်စုလိုက်ဆွေးနွေးမှု (၂) ခု ကိုလည်း ပြုလုပ်ခဲ့သည်။ အဆိုပါဆွေးနွေးမှုများတွင် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများအရေး လုပ်ဆောင်နေသည့် ကော်မတီများ၊ မွန်ပြည် သစ်ပါတီ COVID-19 အရေးပေါ်တုံ့ပြန်မှုကော်မတီမှ ဝန်ဆောင်မှုပေးအပ်သူများနှင့် ဘာသာရေးခေါင်းဆောင်များလည်း ပါဝင်ခဲ့သည်။

ကွင်းဆင်းသုတေသနလုပ်ငန်းကို မေလတွင် စတင်ခဲ့ပြီး ကနဦးအနေဖြင့် ရေးမြို့နယ်ရှိ မွန်ပြည်သစ်ပါတီလက်အောက်ခံ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများနေထိုင်ကြသည့် ကျေးရွာ (၃) ရွာသို့ သွားရောက်ကာ သတင်းအချက်အလက်စုဆောင်းခဲ့သည်။ တစ်ပြိုင်နက်တည်းတွင် အရေးပေါ်ကယ်



ဆယ်ရေးရန်ပုံငွေကို အသုံးပြုပြီး နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများနှင့် ပြည်ပမှပြန်လာသူများကို ကူညီထောက်ပံ့ခဲ့သည်။

အဆိုပါခရီးစဉ်တွင် ရေးချောင်းဖျား(အထက်)၊ ရေးချောင်းဖျား(အောက်)၊ ကိုင်းတော၊ ဓမ္မပါလ၊ ဝယ်ဇင်နှင့် ဂနီကျေးရွာများမှ ဒေသခံ (၂၉) ဦးနှင့် တွေ့ဆုံကာ တွေ့ဆုံမေးမြန်းမှု (၁၇) ခုနှင့် အုပ်စုလိုက်ဆွေးနွေးမှု (၂) ခု ပြုလုပ်နိုင်ခဲ့သည်။ ရပ်ရွာခေါင်းဆောင်များနှင့် ပြည်ပမှပြန်လာသည့် အလုပ်သမားများကိုလည်း တွေ့ဆုံနိုင်ခဲ့သည်။ တွေ့ဆုံမေးမြန်းမှုများအပြင် ဗီဒီယိုနှင့် ဓာတ်ပုံမှတ်တမ်းများကိုလည်း ရိုက်ကူးခဲ့ပြီး "COVID-19 ကာလအတွင်း အောက်ခြေပြည်သူများ၏ စားဝတ်နေရေး ရုန်းကန်မှု" ဆိုသည့် မှတ်တမ်းရုပ်ရှင်ကိုလည်း ၂၀၂၀ ဇွန်လ (၁) ရက်နေ့တွင် ထုတ်လွှင့်နိုင်ခဲ့သည်။

အဆိုပါရုပ်ရှင်တွင် COVID-19 ကာလအတွင်း အောက်ခြေပြည်သူများ၏ စိန်ခေါ်မှုအခက်အခဲများနှင့် လိုအပ်ချက်များကို မီးမောင်းထိုးပြသနိုင်ခဲ့သည်။ သုတေသနဝန်ထမ်းများအနေဖြင့် မွန်ပြည်သစ်ပါတီ ထိန်းချုပ်ဒေသ အပြင်ဘက်ရှိ ပြည်သူလူထုများနှင့်လည်း တွေ့ဆုံခဲ့ပြီး တွေ့ရှိမှုရလာဒ်မှာမူ အတူတူပင် ဖြစ်သည်။

အခြားတွေ့ဆုံမေးမြန်းမှု (၁၉) ခုကို ဧပြီလနှင့် မေလအတွင်း လုပ်ဆောင်ခဲ့ပြီး မေလဒုတိယအပတ်တွင် ကူညီထောက်ပံ့ရေးအဖွဲ့များနှင့်အတူ မွန်ပြည်သစ်ပါတီ၊ ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) နှင့် ၎င်းတို့ပူးတွဲအုပ်ချုပ်ရာ ရေးမြို့နယ်ရှိဒေသများအပါအဝင် ဒေသ (၆) ခုသို့ ထပ်မံ သွားရောက်လေ့လာခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကာကွယ်ရေးပစ္စည်းများ ဖြန့်ဝေခြင်းတို့ကို တနင်္သာရီတိုင်း ရေဖြူမြို့နယ်ရှိ ဒေသ (၃) ခုတို့တွင် လုပ်ဆောင်ခဲ့သည်။ ကြာအင်းဆိပ်ကြီး၊ မုဒုံ၊ မော်လမြိုင်နှင့် ကျိုက်မရောမြို့နယ်များအတွင်းရှိ နိုင်ငံရေးပါတီများ၊ ရပ်ရွာခေါင်းဆောင်များ၊ မွန်ပြည်သစ်ပါတီ COVID-19 အရေးပေါ်တုံ့ပြန်မှု ကော်မတီနှင့် အခြားတာဝန်ရှိသူများကိုလည်း ထပ်မံတွေ့ဆုံခဲ့သည်။



မြန်မာနိုင်ငံ တိုင်းနှင့်ပြည်နယ်များတွင် COVID-19 နှင့်စပ်လျဉ်းသော အကျိုးသက်ရောက်မှုများကို အချိန်ကာလအလိုက် လေ့လာနိုင်ရန် သုတေသနလုပ်ငန်းက ရည်ရွယ်သော်လည်း မွန်ပြည်သစ်ပါတီ ထိန်းချုပ်ဒေသရှိ ဝေးလံခေါင်သီသော ပြောင်းရွှေ့အခြေချကျေးရွာများမှ ပြည်သူတို့၏ နေ့စဉ်ဘဝကို မှတ်တမ်းတင်နိုင်ရန် ပိုမို၍ အရေးကြီးကြောင်း နောက်ပိုင်းတွင် သဘောပေါက်လာခဲ့သည်။

## ခွဲခြားသုံးသပ်ခြင်း

၂၀၂၀ ဧပြီလနှင့် မေလအတွင်း မွန်ပြည်နယ်နှင့် မွန်ဒေသများမှ ကောက်ခံရရှိလာသော သတင်းအချက် အလက်များကို ဤအစီရင်ခံစာတွင် သုံးသပ်တင်ပြထားသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း ၏ သုတေသနဝန်ထမ်းများက ရပ်ရွာခေါင်းဆောင်များ၊ လူထုဝန်ဆောင်မှု ပံ့ပိုးသူများနှင့် ရပ်ကျေးအုပ် ချုပ်ရေးမှူးများ၊ COVID-19 ဆိုင်ရာ အရေးပေါ်တုံ့ပြန်ကူညီမှုကို လုပ်ကိုင်ဆောင်ရွက်နေသူများနှင့် တွေ့ဆုံပြီး မေးမြန်းမှု (၃၆) ကြိမ် ပြုလုပ်ခဲ့သည်။ ရရှိလာသော အချက်အလက်များကို မြန်မာ သို့မဟုတ် မွန်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး သတင်းအချက်အလက်များကို ခေါင်းစဉ်နှင့် နေရာဒေသ အလိုက် ခွဲခြားမှတ်တမ်းပြုခဲ့သည်။

## ကန့်သတ်ချက်၊ စိန်ခေါ်ချက်များ

ကွင်းဆင်းသုတေသနလုပ်ဆောင်နေစဉ်အတွင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အဖွဲ့ဝင်များ အနေဖြင့် ဝေးလံခေါင်သီဒေသရှိ ပြည်သူများထံမှ သတင်းအချက်အလက်များရရှိရန် အခက်အခဲနှင့် စိန်ခေါ်မှုများစွာကို ကြုံတွေ့ခဲ့ကြရသည်။

### က) သွားလာလှုပ်ရှားမှုဆိုင်ရာ ကန့်သတ်ချက်နှင့် စိန်ခေါ်မှုများ

ကူးစက်ရောဂါ၏ သဘောသဘာဝကြောင့် လူထုနှင့်တွေ့ဆုံခြင်းသည် စိန်ခေါ်မှုတစ်ခု ဖြစ်နေသည်။ မွန်ပြည်နယ်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အသွားအလာကန့်သတ်ချက် ကြောင့် ခရီးသွားလာခွင့်ရရန် ကြိုတင်ခွင့်တောင်းရခြင်းများ ရှိလာခဲ့သည်။ မွန်ပြည်သစ်ပါတီထိန်း ချုပ်ဒေသအတော်များများတွင် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးခြင်းကို တားမြစ်ထားပြီး ရိုက်ကူးခွင့်ပြု သော်လည်း သတင်းထုတ်ပြန်ခွင့်မပြုသည့်အဖြစ်အပျက် အတော်များများလည်း ရှိခဲ့သည်။ ရေဖြူမြို့ နယ်မြောက်ပိုင်းတွင် မြေမြှုပ်မိုင်းပြဿနာ ဖြစ်ပွားနေသည့်အတွက် လုံခြုံရေးဆိုင်ရာ အခက်အခဲများ



လည်း ရှိနေပြန်သည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ COVID-19 အရေးပေါ်တုံ့ပြန်ရေး ကော်မတီများထံမှ သတင်းအချက်အလက် ရရှိရန်၊ အထူးသဖြင့် မှန်ကန်သော အချက်အလက်ဖြစ်ရန် မှာလည်း စိန်ခေါ်မှုတစ်ခု ဖြစ်နေသည်။

## ခ) ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ကန့်သတ်ချက်နှင့် စိန်ခေါ်မှုများ

ကူးစက်ရောဂါကာလအတွင်း မြန်မာနိုင်ငံတောင်ပိုင်းသို့ ခရီးသွားရခြင်းသည်လည်း ကျန်းမာရေး ဆိုင်ရာစိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများ၊ ပြည်ပမှ ပြန်လာသူ များ၊ အသွားအလာကန့်သတ်စခန်းမှ စေတနာ့ဝန်ထမ်းများနှင့် ထိတွေ့ပြောဆိုခြင်းသည် စွန့်စားမှု တစ်ခု ဖြစ်သည်။ ထို့ကြောင့် ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်စေရန် တိကျသောကာကွယ်ရေးနည်းလမ်း များကို စနစ်တကျလိုက်နာရန် အဖွဲ့ဝင်များကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ညွှန်ကြားခဲ့ သည့်အပြင် လိုအပ်သော အကာအကွယ်ပစ္စည်းများကိုလည်း လုံလုံလောက်လောက် ထောက်ပံ့ပေး အပ်ခဲ့သည်။ ကွင်းဆင်းကာလအတွင်း "အန္တရာယ်မဖြစ်အောင် ပြုမူလုပ်ကိုင်ခြင်း" မူဝါဒကို အမြဲစွဲကိုင်ခဲ့သည်။ ကျန်းမာရေးနှင့် လုံခြုံရေးကိစ္စကိုလည်း ဦးစားပေးအဖြစ် သတ်မှတ်ခဲ့သည်။

## ဂ) မျှော်လင့်ချက်ဆိုင်ရာ ကန့်သတ်ချက်နှင့် စိန်ခေါ်မှုများ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် ပြည့်စုံကြွယ်ဝသည့် အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် ကူညီထောက်ပံ့မှုများ ပြုလုပ်နိုင်စွမ်းရှိပြီး ဒေသခံတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည်ဟု ဒေသခံပြည်သူတို့၏ ယုံကြည်ထင်မြင်နေမှုသည်လည်း ကွင်းဆင်းသုတေသနဝန်ထမ်းများအတွက် ဖြေရှင်းရခက်သည့် အခက်အခဲတစ်ခု ဖြစ်နေသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် ကူညီထောက်ပံ့ရေးအဖွဲ့အစည်းတစ်ခု မဟုတ်ကြောင်း၊ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအပေါ် လွဲမှားသော မျှော်လင့်ချက်ထားခြင်းကြောင့် နားလည်မှုလွဲခြင်း၊ စိတ်မသက်မသာဖြစ်ခြင်းနှင့် အမျက်ဒေါသဖြစ်ခြင်းများ မဖြစ်ပွားသင့်ကြောင်း အကြိမ်ကြိမ် ရှင်းပြခဲ့ရသည်။

မွန်ပြည်သစ်ပါတီနှင့် ဒေသခံပြည်သူများ ဖွင့်လှစ်ထားသည့် အသွားအလာကန့်သတ်စခန်းများကလည်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို အကူအညီတောင်းခံလာခဲ့ရာ ကူညီမှုတိုက်ရိုက်လုပ်ဆောင်မပေးနိုင်သဖြင့် အခက်ကြုံခဲ့ကြရသည်။ ဒုတိယအကြိမ်ကွင်းဆင်းသုတေသန လုပ်ဆောင်ရာတွင် သတင်းအချက်အလက် မျှဝေမှု မပြုလုပ်ခြင်းများ၊ ကူညီထောက်ပံ့မှု မရရှိသဖြင့် ဒေသခံများက စိတ်ပျက်ခြင်းများကိုလည်း ကြုံတွေ့ခဲ့သည်။





## အခန်း (၃) နောက်ခံသမိုင်း

COVID-19 ကူးစက်ရောဂါသည် ၂၀၂၀ ခုနှစ် အစောပိုင်းကာလကတည်းကပင် ကမ္ဘာတစ်ဝန်းလုံးရှိ သန်းပေါင်းများစွာသော လူသားတို့၏ နေ့စဉ်ဘဝကို အခက်ကြုံစေပြီး လူမှုစီးပွားကိစ္စများကို အလွန့်အလွန်ထိခိုက်နစ်နာစေခဲ့သည်။ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန်အတွက် အစိုးရများက ကန့်သတ်ထိန်းချုပ်မှုများကို ပြုလုပ်လာရသဖြင့် ထိခိုက်လွယ်သူများဖြစ်သည့် လယ်သမားများ၊ ကျပန်းလုပ်သားများ၊ အခြားနည်းဖြင့် သန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် အရေးပေါ်အခြေအနေဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း အသွားအလာကန့်သတ်ခြင်းများကြောင့် လယ်ယာလုပ်ငန်းခွင် မဝင်ရောက်နိုင်သည့်အပြင် သစ်တောများတွင် ဟင်းစားရှာဖွေစားသောက်နိုင်ရန်လည်း ခက်ခဲခဲ့သည်။ ကျပန်းအလုပ်သမားများ အလုပ်အကိုင် ဆုံးရှုံးခဲ့သည်။

အထက်ပါအခြေအနေများကြောင့် မလိုလားအပ်သော လူမှုစီးပွားထိခိုက်မှုများ ဖြစ်လာခဲ့ပြီး သွားလာမှုပိတ်ပင်ခြင်း (Lockdown) ကြောင့် မွန်နှင့်ကရင်ပြည်နယ်ရှိ ပြည်သူလူထုမှာ များစွာဖိအားဖြစ်ခဲ့ရသည်။ ထိုင်းနိုင်ငံကဲ့သို့သော အိမ်နီးချင်းနိုင်ငံများက လုပ်ငန်းခွင်များကို ပိတ်ပင်လိုက်သဖြင့် ရွှေ့ပြောင်းအလုပ်သမားများစွာ အလုပ်လက်မဲ့ဖြစ်ပြီး နေရပ်ပြန်ခဲ့ကြရသည်။

မွန်ပြည်နယ်တွင် နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမား များစွာရှိခဲ့ပြီး ၂၀၂၀ ဧပြီလ ပထမအပတ်တွင် နေရပ်ပြန်လာသူစုစုပေါင်း (၁၅,၅၀၀) အထိ ရှိလာခဲ့သည်။[4]

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများအနေဖြင့်လည်း အဆိုပါ နေရပ်ပြန်များကို ကူညီထောက်ပံ့နိုင်ရန် ရုန်းကန်ခဲ့ရသည်။ မွန်ပြည်သစ်ပါတီထိန်းချုပ်ကျေးရွာများဖြစ်သည့် ဝယ်ဇင်၊ ဝယ်ပေါင်နှင့် ခမ္မပါလကျေးရွာများတွင် နေရပ်ပြန်လာသူ (၄၀) မှ (၆၀) ဦးရေအသီးသီး ရှိကြပြီး ၎င်းတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် အစားအသောက်ထောက်ပံ့ရန် ဒေသခံများက မတတ်နိုင်ဘဲ ဖြစ်နေကြသည်။



4 "Myanmar's Mon State Consolidates Quarantine Centers for Returning Migrants", The Irrawaddy, 06 April 2020.

လူမှုအဖွဲ့အစည်းများနှင့် ကူညီထောက်ပံ့ရေးအဖွဲ့များအနေဖြင့်လည်း ၎င်းတို့အားကူညီရန် သကြံန် ပိတ်ရက်ရှည်နှင့် အသွားအလာကန့်သတ်ခြင်းစသည့် ထိန်းချုပ်မှုများရှိနေသဖြင့် အကူအညီလိုအပ်မှု မှာ အရေးပေါ်အခြေအနေအထိ ဖြစ်လာခဲ့သည်။

မေလနောက်ဆုံးအပတ်တွင် မွန်ပြည်သစ်ပါတီက ၎င်းတို့၏နယ်စပ်ဂိတ်များဖြစ်သည့် ဘုရားသုံးဆူ ဂိတ်နှင့် ဂျပန်ရေတွင်းကျေးရွာဂိတ်စခန်းများမှတဆင့် ရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်ဝင် ရောက်လာခြင်းကို ပိတ်ပင်ခဲ့သည်။ ဇွန်လ (၁၀) ရက်နေ့တွင် တရားမဝင်လမ်းကြောင်းမှ ပြန်လည်ဝင် ရောက်လာသူများနှင့် ၎င်းတို့အား လက်ခံထားသူများအနေဖြင့် တရားဥပဒေအရ အပြစ်ပေးခံရ မည်ဖြစ်ကြောင်း Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့် ဗဟိုကော်မတီက ထုတ်ပြန်ခဲ့သည်။[5]

ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားအားလုံး မြန်မာနိုင်ငံသို့ ပြန်လာခြင်းမဟုတ်ဘဲ နိုင်ငံရပ်ခြား တွင် သောင်တင်ပြီး ဒုက္ခပင်လယ်ဝေနေသည့်သူများလည်း ကျန်ရှိနေသည်။ အလုပ်လက်မဲ့ဖြစ်ခြင်းနှင့် အထောက်အထားမဲ့မှုကြောင့် နေထိုင်မှုကြပ်တည်းခြင်းတို့ကြောင့် မွန်ပြည်နယ်မှ အသက် (၂၂) အရွယ် ရွှေ့ပြောင်းအလုပ်သမားတစ်ဦးအပါအဝင် အလုပ်သမား (၈) ဦး မလေးရှားနိုင်ငံတွင် မိမိကိုယ်မိမိ အဆုံး စီရင်ခဲ့သည်။[6]



5 "Illegal Returnees and Those Who Assist Them Will Be Punished", HURFOM, 15 June 2020.

6 "Myanmar Seeks to Fly Illegal Migrants Home from Malaysia as More Suicides Reported Amid COVID-19," The Irrawaddy, 23 June 2020.

ကူးစက်ရောဂါပြန့်ပွားမည်ကို စိုးရိမ်သဖြင့် ၂၀၂၀ ဧပြီလ (၅) ရက်နေ့မှစပြီး မွန်ပြည်သစ်ပါတီနှင့် ရေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြင်းထန်သော အသွားအလာကန့်သတ်မှုများကို ချမှတ်ခဲ့သည်။ ပြည်သူလူထုများအနေဖြင့် နိစ္စဓူဝကိစ္စရပ်များ လုပ်ဆောင်ရန် အခက်အခဲဖြစ်လာခဲ့သည်။

ရေဖြူမြို့နယ်ရှိ မွန်ပြည်သစ်ပါတီနှင့် ကေအန်ယူ ပူးတွဲထိန်းချုပ်ဒေသရှိ ပြည်သူများအနေဖြင့် ကျေးရွာများကို ပိတ်ပင်ထားခြင်းကြောင့် အလုပ်လုပ်ကိုင်ခွင့် ဆုံးရှုံးပြီး အနီးအနားပတ်ဝန်းကျင်ရှိ တောတောင်များမှ ဟင်းစားရှာဖွေခြင်းကိုလည်း လုပ်ကိုင်ခွင့် မရရှိခဲ့ချေ။

ယခုအခါတွင် မိုးလည်းကျလာပြီဖြစ်သဖြင့် စားဝတ်နေရေးအခြေအနေသည် တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာခဲ့သည်။ ရွာသူရွာသားများ အများစုသည် လယ်သမားများနှင့် လက်လုပ်လက်စားများဖြစ်သဖြင့် ဆန်ရိက္ခာပြတ်လပ်ခြင်းများ၊ ဝင်ငွေမရှိခြင်းများကို ကြုံတွေ့နေရသည်။ တဖြည်းဖြည်းနှင့် စားနပ်ရိက္ခာပြတ်လပ်မည့် အန္တရာယ်နှင့်လည်း ရင်ဆိုင်နေရသည်။





# အခန်း (၄) ကြုံတွေ့နေရသည့်အခက်အခဲများ

ဤအခန်းတွင် အောက်ခြေပြည်သူလူထုများ ကြုံတွေ့ခံစားနေရသည့် အဓိကစိုးရိမ်မှု (၂) ခု အကြောင်း ဖြစ်သည့် သက်မွေးဝမ်းကျောင်းအခက်အခဲနှင့် နေရပ်ပြန်လာသူများနှင့် အသွားအလာကန့်သတ်ခြင်း ဆိုင်ရာအခက်အခဲတို့ကို သုံးသပ်တင်ပြသွားမည် ဖြစ်သည်။ ယခုတင်ပြချက်များသည် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူများ၏ ဆန္ဒစကားသံများကို တိုက်ရိုက်ဖော်ပြထားသဖြင့် ၎င်းတို့၏အခက် အခဲများကို သက်ဆိုင်သူများက ကြားသိနိုင်မည်ဟု မျှော်လင့်ပါသည်။

## သက်မွေးဝမ်းကျောင်းဆိုင်ရာအခက်အခဲ

ဧပြီလမှစတင်၍ မွန်ပြည်သစ်ပါတီသာမက ကေအန်ယူပါ အသွားအလာကန့်သတ်ခြင်း၊ ကျေးရွာတစ်ခု မှတစ်ခုသို့ သွားလာမှုကို ပိတ်ပင်ခြင်း၊ အနီးအနားတောတောင်များမှ ဟင်းစားရှာဖွေခြင်းကို တားမြစ် ခြင်းများ ကျင့်သုံးလာခဲ့သည်။ နိုင်ငံတော်အစိုးရက ပုံမှန်ဝင်ငွေမရှိသူများအတွက် အခြေခံအစားအ သောက် ထောက်ပံ့ခြင်းကို ပြုလုပ်ခဲ့သော်လည်း ဝေးလံခေါင်သီဒေသများနှင့် မွန်ပြည်သစ်ပါတီထိန်း ချုပ်ဒေသက ပြည်သူများမှာ အဆိုပါထောက်ပံ့မှုကို မရရှိခဲ့ချေ။[7]

7 "Thousands of Families Apply for Govt Aid from NMSP Controlled Area," Network Media Group, 28 June 2020.

ကုန်းကောက်စရာမရှိသည့် "လက်ဗလာ" အခြေအနေသို့ တဖြည်းဖြည်းရောက်ရှိတော့မည်ဖြစ်ကြောင်း ရွာသူရွာသားများက ပြောကြားခဲ့ပြီး မိုးတွင်းကာလတွင် ပိုမိုခက်ခဲလာမည်ကို စိုးရိမ်နေကြသည်။

"တဖြည်းဖြည်းနဲ့ စားရမဲ့ သောက်ရမဲ့ ဘဝကို ရောက်တော့မယ်။ ဆင်းရဲတာကနေ "လက်ဗလာ" အနေအထားကို ရောက်တော့မယ်။ ဒီရောဂါက ကျွန်တော်တို့ကို သပ်သပ်ခွဲခြားလိုက်တာပဲ။ ဥပဒေ (ကန့်သတ်ချက်) အသစ်တွေကြောင့်လည်း အလုပ်လုပ်ဖို့ အဆင်မပြေဘူး။ မိသားစုကို ဘယ်လိုရှာကျွေးမလဲ။ အခုတော့ ဖြေလျှော့မှုတွေ တစ်ချို့ ရှိလာပါပြီ။ ဒါပေမယ့် သိပ်နောက်ကျနေပြီ။ မိုးကျလာပြီလေ။ နွေရာသီမှာ အစားအစာ စုဆောင်းဖို့ ကျွန်တော်တို့ အလုပ်လုပ်ခွင့် မရခဲ့ဘူးလေ" ဟု မွန်ပြည်နယ် ရေးမြို့နယ်တောင်ပိုင်း ဗလယ်ဒုန်ဖိုက်ကျေးရွာမှ အသက် (၄၄) အရွယ် နိုင်ဆန်းဦးက ပြောပါသည်။

"ကျွန်တော့်ရွာသားတွေကိုယ်စား အစိုးရနဲ့ မွန်ပြည်သစ်ပါတီကို တောင်းဆိုချင်တာကတော့ ဒီလိုခက်ခဲတဲ့အချိန်မှာ အလုပ်လုပ်ခွင့် ပေးပါ။ ကျန်းမာရေး၊ ပညာရေးနဲ့ လူမှုရေးအခွင့်အရေးတွေကိုလည်း အသိအမှတ်ပြုပေးပါ" ဟု နိုင်ဆန်းဦးက တောင်းဆိုခဲ့သည်။



ရေးမြို့နယ်အရှေ့ဖက် ရွှေ့ပြောင်းအခြေချကျေးရွာတစ်ခုမှ မိစန်းစန်းအေးက "ကလေးတွေက စားစရာတောင်းရင် မရှိဘူးလို့ ကျွန်မဘယ်လိုပြောထွက်မလဲ။ သူတို့ကို လုံလုံလောက်လောက် မကျွေးနိုင်ဘူးဆိုတာ သိတယ်။ ဒီအချိန်က ကျွန်မအတွက် အခက်ခဲဆုံးပဲ။ ကျွန်မခင်ပွန်းက လွန်ခဲ့တဲ့ (၂) နှစ်ကတည်းက ကျွန်မကို ကလေး (၃) ယောက်နဲ့ ထားသွားတယ်။ ကိုယ့်ဟာကိုယ်ပဲ ရှာဖွေစားသောက်နေရတယ်။ တံမြက်စည်းပင်တွေ ရောင်းတယ်၊ ရာဘာခြံတွေမှာ အလုပ်လုပ်တယ်" ဟု ပြောသည်။

"ကျွန်မရော ဒီကျိုက်စွဲမွန်က တစ်ရွာလုံးရော ပြီလဒုတိယအပတ်ကစပြီး အလုပ်လုပ်လို့ မရတော့ဘူး။ ဟင်းစားလည်း ရှာလို့မရတော့ဘူး။ အိမ်နီးနားချင်းက ဆန် (၁၀) ကီလို(ဂရမ်) လောက်ကူညီတယ်။ ကျေးရွာကော်မတီကလည်း (၁၀) ကီလိုလောက် ထပ်ပေးတယ်။ သူတို့တွေကိုလည်း ကျေးဇူးတင်ပါတယ်။ လူတွေက စိတ်ထားကောင်းပြီး ကျွန်မတို့မိသားစုကို ကူညီကြတယ်" ဟု မိစန်းစန်းအေးက ကျေးဇူးတင်စကားပြောပါသည်။

"ဒီအသွားအလာကန့်သတ်တာက ကျွန်မတို့ငယ်ဘဝကို ပြန်သတိရစေတယ်။ ငယ်ငယ်က ဗမာစစ်သားတွေ သတ်မှာကိုကြောက်ပြီး တောထဲမှာ ပုန်းခဲ့ရတယ်။ အခုတော့ အဲလိုပြန်ခံစားနေရတယ်။ အပြင်ထွက်ရင် ရောဂါကူးမှာ စိုးနေရတယ်။ အဆိုးဆုံးကတော့ ဒီရွာမှာရှိတဲ့ကျွန်မတို့အားလုံး အလုပ်အကိုင်မရှိကြတော့တာပဲ" ဟု မိစန်းစန်းအေးက ပြောပါသည်။



## နေရပ်ပြန်များနှင့် အသွားအလာကန့်သတ်ခြင်းဆိုင်ရာအခက်အခဲ

အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းလုပ်သားအဖွဲ့အစည်း (IMO) ၏ အချက်အလက်များအရ ၂၀၂၀ မတ်လ (၂၂) ရက်မှ ဇွန်လ (၁၀) ရက်နေ့အတွင်း ရွှေ့ပြောင်းလုပ်သား တစ်သိန်းနီးပါး မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။[8] မွန်ပြည်နယ်သို့လည်း အထူးသဖြင့် ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမား အများအပြား နေရပ်ပြန်လာခဲ့ကြပြီး ဧပြီလ ပထမအပတ်အထိတွင်ပင် အလုပ်သမား (၁၅,၅၀၀) ကျော် နေရပ်ပြန်လာခဲ့ကြသည်။ မေလနှင့် ဇွန်လများတွင် ထိုအရေအတွက်ထက် ပိုမိုများပြားစွာ နေရပ်ပြန်လာကြမည်မှာ မလွဲကေန်ပင်ဖြစ်သည်။[9]

ယခင်က (၁၄) ရက်သာ အသွားအလာကန့်သတ်ထားရာမှ ဧပြီလ (၁၇) ရက်နေ့မှစ၍ ရက်ပေါင်း (၂၁) တိုင်အောင် အသွားအလာကန့်သတ်ပြီး (၇) ရက်နေအိမ်တွင် သီးသန့်နေထိုင်ရမည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြေညာခဲ့သည်။[10] ကန့်သတ်ချက်ကို ချိုးဖောက်ပါက ဥပဒေအတိုင်း ပြင်းထန်စွာ အရေးယူခံရမည် ဖြစ်သည်။ ရေးမြို့နယ်မှ အသက် (၃၂) အရွယ် အမျိုးသားတစ်ဦးက အသွားအလာကန့်သတ်ချက်ကို ချိုးဖောက်မိသဖြင့် ထောင်ဒဏ် (၃) လ အပြစ်ပေးခံခဲ့ရသည်။[11]

တွေ့ဆုံမေးမြန်းခဲ့သူများ၏ (၆၃) ရာခိုင်နှုန်းက နေရပ်ပြန်လာသူများနှင့် အသွားအလာကန့်သတ်စခန်းများအကြောင်းကို ထည့်သွင်းပြောကြားခဲ့ကြသည်။ နေရပ်ပြန်လာသူများထဲတွင် ခွဲခြားဆက်ဆံခြင်းခံနေရသည်ဟု ထင်မြင်ယူဆနေသူများလည်း ရှိနေပြီး ရပ်ရွာဘေးကင်းရေးအတွက် အသွားအလာကန့်သတ်စခန်းတွင် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍လည်း အငြင်းပွားမှုများ ရှိနေခဲ့သည်။

ကျိုက်မရောမြို့နယ် တရနာကျေးရွာအုပ်ချုပ်ရေးမှူး မိသန်းဌေးက "အစိက စိန်ခေါ်မှုကတော့ နေပြန်လာသူတွေက မြဝတီမှာ ဆေးစစ်ခံခဲ့ပြီးပြီ။ အဲဒါကို ရွာရောက်တော့ နောက်ထပ် (၁၄) ရက် သီးသန့်နေခိုင်းတယ်။ ဒါကြောင့် သူတို့က မနေချင်ဘူး။ အုပ်ချုပ်ရေးမှူးနဲ့ ရပ်ရွာလူကြီးတွေက အတော်လေးကို ရှင်းပြနေရတယ်။ ဒါပေမယ့် သူတို့ကလည်း ရောဂါသည်မဟုတ်ဘူးဆိုပြီး ပြန်စောဒကတက်ကြတယ်။ ညဘက်တွေ ခိုးထွက်တယ်။ ဘယ်ဟာက လုပ်သင့်တယ်၊ ဘာက မလုပ်သင့်ဘူးဆိုတာ သူတို့ မသိဘူး။

---

8 International Organization for Migration, IOM Myanmar COVID-19 Response Situation Report 8, 12 June 2020.

9 "Myanmar's Mon State Consolidates Quarantine Centers for Returning Migrants," The Irrawaddy, 06 April 2020.

10 "Announcement for 21 Days Facility Quarantine and 7 Days Home Quarantine," Global New Light of Myanmar, 17 April 2020.

11 "Returnee jailed for three months for breaching COVID-19 quarantine law," HURFOM 23 April 2020



တစ်ချို့ (၁၄) ရက် အသွားအလာကန့်သတ်ပြီး တဲ့သူတွေက စခန်းကို ပြန်လာပြီး ကျွန်မတို့ကို ပြန်ကူညီတာမျိုးလည်း ရှိတယ်" ဟု ရှင်းပြပါသည်။

ကျိုက်မရောမြို့နယ် မယ်ဂရိကျေးရွာမှ တက်ကြွလှုပ်ရှားသူ နိုင်ရွှေဝင်းကလည်း အသွားအလာကန့်သတ်ခြင်းနှင့်စပ်လျဉ်းပြီး အလားတူပြဿနာများကို ရင်ဆိုင်ခဲ့ရကြောင်း ပြောပြပါသည်။

"အခက်အခဲတွေ အများကြီးကြုံရတယ်။ သူတို့က ရောဂါဖြစ်နေတာလည်း မဟုတ်ဘူး၊ ပြီးတော့ ရောဂါလက္ခဏာရှိနေတဲ့သူတွေလည်း မဟုတ်ဘူး၊ အဲဒါကို ဘာလို့ ကန့်သတ်စခန်းမှာ (၂၁) နေရလဲဆိုတာ ပြန်လာသူတွေက မသိဘူး။ တစ်ချို့က ရောဂါကို အကြောင်းပြပြီး သူတို့ကို ခွဲခြားတယ်လို့ မြင်တယ်။ နာရီဝက်လောက် ရှင်းပြရတာမျိုးလည်း ရှိတယ်" ဟု နိုင်ရွှေဝင်းက ပြန်ပြောပြပါသည်။

အခြားစိန်ခေါ်မှုတစ်ခုမှာ နေရပ်ပြန်များအတွက် အထောက်အပံ့နှင့် ရန်ပုံငွေကိစ္စ ဖြစ်သည်။ အသွားအလာကန့်သတ်စခန်းတွင် မဖြစ်မနေ နေထိုင်ရမည်ဟု ထုတ်ပြန်ထားသော်လည်း အစိုးရက ကန့်သတ်စခန်းကို ပံ့ပိုးကူညီမှု အားနည်းခဲ့သည်။ အဆိုပါစခန်းများအနေဖြင့် ဒေသခံအရပ်ဖက်အ ဖွဲ့အစည်းများနှင့် ရပ်ရွာအလှူရှင်များအပေါ်တွင်သာ မှီခိုနေရသည်။





"နေရပ်ပြန်လာသူတွေကို အစိုးရစာသင်ကျောင်းတွေမှာ ထား,ထားတယ်။ အစိုးရက ဘာမှ မထောက်ပံ့ဘူး။ အပူချိန်တိုင်းစက်နဲ့ နှာခေါင်းစည်းတောင် မပေးဘူး။ အသွားအလာကန့်သတ်စခန်းမှာ ကူညီလုပ်ကိုင်ဖို့ စေတနာ့ဝန်ထမ်းလည်း မရှိဘူး။ အစိုးရဆီက ရတာဆိုလို့ ညွှန်ကြားချက်ပဲ ရှိတယ်။ တစ်ခြားဘာမှမရဘူး။ နေရပ်ပြန်တွေအတွက် အစားအသောက်က သူတို့မိသားစုဝင်တွေ ပို့ပေးတယ်" ဟု နိုင်ရွှေဝင်းက ပြောပါသည်။

"အစိုးရက လက်တွေ့ကျကျ ဘာမှမထောက်ပံ့ဘူး။ ကျိုက်မရောမြို့နယ်က ကျေးရွာအားလုံးလိုလိုပဲ နေရပ်ပြန်တွေကို လက်ခံဖို့ သူတို့ကျန်းမာရေးကို စောင့်ရှောက်ဖို့ အခက်အခဲဖြစ်နေတယ်။ မွန်အဖွဲ့အစည်းတစ်ခုက အပူတိုင်းစက်လှူတယ်၊ နောက်မွန်အဖွဲ့တစ်ခုက လက်ဆေးရည်တို့ နှာခေါင်းစည်းတို့ လက်ကမ်းစာစောင်တို့ လာပေးတယ်။ ကျွန်တော်တို့ရွာမှာတော့ အစိုးရထုတ်ပြန်ချက်တွေကို တော်တော်လေးလိုက်နာကြတာ တွေ့ရတယ်။ အစိုးရက ဘာမှမထောက်ပံ့ဘူးဆိုပေမယ့်ပေါ့လေ။ ထုတ်ပြန်ချက်တွေကို အတိအကျလိုက်နာနိုင်ဖို့အတွက် ရွာသူရွာသားတွေကို (ရောဂါကာကွယ်ရေးဆိုင်ရာ) ပစ္စည်းကိရိယာတွေ ထောက်ပံ့ပေးဖို့ အစိုးရကို တောင်းဆိုချင်ပါတယ်" ဟု နိုင်ရွှေဝင်းက မေတ္တာရပ်ခံပါသည်။

"စခန်းမှာ အလိုအပ်ဆုံးကတော့ နှာခေါင်းစည်းပဲ။ စေတနာ့ဝန်ထမ်းတွေရာ နေရပ်ပြန်တွေပါ နှာခေါင်းစည်းဝတ်သင့်တယ်လေ။ နှာခေါင်းစည်းတွေက လွယ်လွယ်နဲ့လည်း ဝယ်မရတော့ အစိုးရက လုံလုံလောက်လောက် ထောက်ပံ့ပေးနိုင်ရင် ကောင်းမယ်။ ဒါမှ လူတိုင်း ဝတ်နိုင်မှာလေ။"

"အစိုးရထောက်ပံ့မှုမရတဲ့ အသွားအလာကန့်သတ်စခန်းတွေ ရှိတယ်။ ကန့်သတ်စခန်းတစ်ခုကို နှာခေါင်းစည်း (၂၀) လောက်ပဲ အစိုးရက ထောက်ပံ့နိုင်တယ်။ စခန်းအတော်များများတော့ ထောက်ပံ့မှုမရကြပါဘူး။ အချို့စခန်းတွေက လူ (၇၀) ကျော် ရှိတယ်၊ ဒါကို နှာခေါင်းစည်းက အခု (၂၀) ပဲ ရတယ်လေ။

ဒီအရေအတွက်က စေတနာ့ဝန်ထမ်းတွေအတွက်တောင် မလောက်ဘူး။ တစ်နေ့တာအတွက်တောင် မလောက်ဘူး။ အပူတိုင်းစက်ရတဲ့စခန်းက ရ၊ မရတဲ့စခန်းက မရဘူး။ အစိုးရထောက်ပံ့မှုကတော့ တော်တော်လေးနည်းတယ်။

"နေရာထိုင်ခင်းနဲ့ သောက်ရေတွေလည်း လိုအပ်တာပဲ။ စေတနာ့ဝန်ထမ်းတွေလည်း ကျန်းမာရေးအသိ သိပ်မပြည့်စုံဘူး။ ကျန်းမာရေးဝန်ထမ်းတွေလည်း လုံလုံလောက်လောက် မရှိဘူး။ လိုအပ်ချက်တွေက အများကြီးပါပဲ။ တစ်ချို့စခန်းတွေဆို အစားအသောက်အတွက်ပါ ပူနေရတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် လိုအပ်ချက်တွေက မရေမတွက်နိုင်ဘူး။ ခဏခဏတော့ ပြောမနေချင်ဘူးပေါ့ဗျာ"



# အခန်း (၅) အကြံပြုတိုက်တွန်းချက်များ

## နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသို့

- ရွှေ့ပြောင်းအခြေချကျေးရွာများရှိ ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန်
- လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ကန့်သတ်ချက်မထားဘဲ ခွင့်ပြုပေးရန်နှင့် ရွှေ့ပြောင်းအခြေချကျေးရွာများသို့ ကူညီထောက်ပံ့ရန်လာရောက်သည့် အဖွဲ့အစည်းများကို ပံ့ပိုးမှု ပေးရန်
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တင်းကြပ်သော အသွားအလာကန့်သတ်ချက်များကို ဖြေလျှော့ပေးရန်
- ဝေးလံခေါင်သီသော တိုင်းရင်းသားဒေသများ၊ ရွှေ့ပြောင်းအခြေချကျေးရွာများနှင့် စစ်ဘေးဒဏ်ခံခဲ့ရသည့်ဒေသများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်နိုင်ရန် နိုင်ငံတော်အစိုးရ သီးသန့်ရန်ပုံငွေများ ထားရှိရန်
- တိုင်းရင်းသားဒေသရှိ ဝန်ဆောင်မှုပံ့ပိုးသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ကျန်းမာရေးဝန်ထမ်းများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် သတင်းထောက်များကို စောင့်ကြည့်ခြင်း၊ အပြစ်ပေးခြင်းနှင့် ထိပါးနှောင့်ယှက်ခြင်းများကို အဆုံးသတ်ရန်
- ဝေးလံခေါင်သီဒေသနှင့် တိုင်းရင်းသားလက်နက်ကိုင် ထိန်းချုပ်နယ်မြေများရှိ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများ၊ ပြောင်းရွှေ့ခိုလှုံသူများနှင့် သာမန်အောက်ခြေပြည်သူများ၏ ဆန္ဒအသံများကို ဖော်ထုတ်တင်ပြပေးနေသည့် တိုင်းရင်းသားမီဒီယာများ၏ ဝက်ဆိုဒ်များကို ပိတ်ပင်ခြင်း မပြုရန်
- ဖိနှိပ်သည့်ဥပဒေများကို အဆုံးသတ်ပြီး စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အားပေးသည့် ဥပဒေများကို ပြဋ္ဌာန်းရန်
- အစိုးရထိန်းချုပ်ဒေသများတွင် ကူညီထောက်ပံ့မှုပေးအပ်သည့်နည်းတူ တိုင်းရင်းသားလက်နက်ကိုင်များထိန်းချုပ်သည့် ဒေသများတွင်လည်း သာတူညီမျှ ထောက်ပံ့ကူညီရန်
- ကျန်းမာရေးစောင့်ရှောက်မှု၊ လူသားချင်းစာနာထောက်ထားမှုနှင့် ကျန်းမာရေးအသိပညာပေးမှုများ ပြုလုပ်ရာတွင် လူနည်းစုတိုင်းရင်းသားအားလုံး ပါဝင်နိုင်စေရန်

**နိုင်ငံတကာအလှူရှင်များ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ**

- နိုင်ငံတော်အစိုးရနှင့် တပ်မတော်က အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ရန်အတွက် ဖိအားပေးရန်
- COVID-19 ဆိုင်ရာ ကူညီထောက်ပံ့မှု ပြုလုပ်နေသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ ကူညီထောက်ပံ့မှုသည် အတိတ်ကာလက လူ့အခွင့်အရေးချိုးဖောက်မှုကို ခံခဲ့ရသူများနှင့် ပြည်တွင်းစစ်သားကောင်ဖြစ်ခဲ့ဖူးသူ ဖယ်ကြဉ်ခံလူ့အသိုင်းအဝိုင်းများထံသို့ ရောက်ရှိနိုင်ရန်အတွက် အားထုတ်ရန်
- COVID-19 နှင့်စပ်လျဉ်းသော နယ်စပ်ဖြတ်ကျော်အကူအညီများ ပေးအပ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကျန်းမာရေးဌာနများနှင့် တိုင်းရင်းသားလူထုအခြေပြု ဝန်ဆောင်မှုပံ့ပိုးသည့်အဖွဲ့အစည်းများအား သာတူညီမျှ ထောက်ပံ့ခြင်းသည် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများနှင့် ပဋိပက္ခဒေသရှိပြည်သူများအတွက် မရှိမဖြစ်အကူအညီများ ဖြစ်သည့်အတွက် ဆက်လက်လုပ်ဆောင်သွားရန်

